www.burmeseclassic.com

# ဒေါက်တာသက်ရှေ

မဟာဆွေ

ရန်ကုန်မြို့အကျင့်ကား မြန်မာချင်းဖြစ်စေကာ၊ တိုက်ခန်းချင်းကပ်လျက်ရှိစေကာ တစ်ဦးနှင့်တစ်ဦး အသိမိတ်ဆွေ ဖြစ်ခဲသည်။ ဝင်းခြံနှင့် နေမှုကား ထိုသူ၏အကြောင်းကို သိဖို့ရာ သာ၍ခဲယဉ်းလှသည်။ ကုက္ကိုင်းလမ်းတစ်ခုသော ဝင်းခြံနှင့် နှစ်ထပ်အိမ်တစ်လုံးတွင် နေထိုင်သည့် မိန်းမချောတစ်ဦးအကြောင်းကိုမူ သိရှိသူ အလွန်နည်းပါးလေသည်။ သတိထားကြည့်မိသူတို့ကမူ ထိုခြံထဲမှ အလွန်ခံ့ညားသည့် ကားကြီးနှင့် အသက် ၁၆ နှစ်ခန့် မိန်းမချောတစ်ယောက် ၃၊ ၄ ရက် တစ်ခါဆိုသလို မြို့ထဲသို့ ထွက်လေ့ရှိကြောင်း ပြောကြသည်။

ထိုမိန်းမပျိုနှင့် သိသူကား မရှိမဟုတ်၊ လူကုံထံ အထက်တန်းများနှင့် အရာရှိအချို့သည် ထိုမိန်းမပျိုနှင့် သိကြ၏။ သို့ရာတွင် ထိုမိန်းမအကြောင်းကို လူပုံအလယ်တွင် မပြောကြချေ။ အလွန်ရင်းနှီးသောမိတ်ဆွေအချို့သာ ပြောပြတတ်ကြသည်။ ထိုဝင်းခြံနှင့် မလှမ်းမကမ်းတွင် နေသူများကမူ ထိုမိန်းမပျိုမှာ မိဘသေဆုံး အမွေရ၍ အခြွေအရံများနှင့် လွန်ခဲ့သည့် ၂ နှစ်ခန့်က လာရောက်နေထိုင်သည်ဟု ပြောကြ၏။ ဝင်းတံခါးမှာ အမြဲပိတ်ထား၍ အသက် ၄၀ ခန့် တံခါးစောင့်မြန်မာမှာ တင်းမာခက်တရော်သော မျက်နှာနှင့် မည်သူလာရောက်မေးစေကာမူ "ကိုယ့်အလုပ်မဟုတ်တာ ဘာလို့သိချင်ရသလဲ" ဟု ပြောလေ့ရှိလေသည်။

ထိုတိုက်အိမ်သည် လူကြီးလူကောင်းများနှင့်သာ ဆက်ဆံသော ပြည့်တန်ဆာအိမ်ဖြစ်သည်ဆိုက မည်သူမျှ ယုံနိုင်မည်မဟုတ်ချေ။ အနေအထိုင် သိပ်သည်းခြင်း၊ ဆက်ဆံသူများ အထက်တန်းကျခြင်း၊ မိန်းမပျိုကိုယ်တိုင်ကလည်း ရုပ်ရည်နှင့်တကွ အစခပ်သိမ်း အထက်တန်းကျခြင်းကြောင့် အထက်တန်းစား မိဘမှ ပေါက်ဖွားသော အမျိုးကောင်းသမီးဟု မှတ်ထင်ကြလေသည်။

အရင်းမထုတ်ရသော လုပ်ငန်းရှင်မှာလည်း ထိုမိန်းမပျိုတစ်ဦးတည်းပင်ဖြစ်ရာ တစ်ညဥ့်ပျော်(ဝါ) တစ်ညဥ့်မယားပြုလုပ်ရန်အတွက် ငွေ ၁၀၀ိ ပေးရ၏။ ထို့ကြောင့် ၁၇ လမ်းထဲလိုက်နေသော ငနဲမျိုးမဆိုထားဘိ အော်ဒါခေါ်နိုင်သော ငနဲများပင် မိန်းမပျိုနားသို့ မကပ်နိုင်ကြချေ။ သူလက်ခံသည်မှာလည်း မည်မျှအထက်တန်းကျသူဖြစ်စေ သူနှင့်ဆက်ဆံဖူး၍ သူယုံကြည်သော လူကြီးလူကောင်းတစ်ယောက်ယောက်က ထောက်ခံမှသာ လက်ခံလေသည်။

ပြည့်တန်ဆာထဲတွင် လူကုံထံသမီးကဲ့သို့ အများထင်မှတ်ရကာ ဝင်ငွေအကောင်းဆုံးလည်းဖြစ်လေသည်။ တစ်ညဥ့်အတွက် ငွေ ၁၀၀ိ သာမဟုတ်၊ သူ၏ အပြုအစုအညှာအရွှဲ ကောင်းလွန်းခြင်းကြောင့် ငွေ ၅၀ိ–၁၀၀ိ မှ လေးငါးရာအထိ ဘောက်ဆူးပေးကြခြင်း၊ လက်ဝတ်ရတနာများ ပေးကြခြင်းဖြင့် သူဌေးမကလေးပမာ ကြွယ်ဝချမ်းသာနေလေသည်။

"အလှ ... အလှနဲ့ စကားပြောချင်လို့တဲ့"

တစ်ည ၇ နာရီခန့် အသက် ၃၀ အရွယ် မိန်းမတစ်ယောက်လာ၍ပြောရာ အလှသည် တယ်လီဖုန်းရှိရာသို့

www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ချိတ်တွင်မချိတ်ပဲ စားပွဲပေါ်တွင် ချထားသော နားခွက်ကို ကောက်ယူနားထောင်ကာ အလှ၏နှုတ်ဖျားမှ "ဝတ်လုံ ဦးဘခင်ပြောထားလို့ သိပါတယ်။ လေးရက် လောက် မဆိုင်းနိုင်ဘူးလား။ ဧည့်သည်လက်မခံတဲ့ရက် ဖြစ်လို့ပါ။ တွေ့ရရုံ ဒါလောက်ပဲလားရှင်... ရှင်ကတိတည် ရင် လက်ခံပါ့မယ်... ဟုတ်ကဲ့"

မိန်းမပျိုသည် တယ်လီဖုန်းနားခွက်ကို ချိတ်ထားခဲ့ ကာ လာပြောသူ မိန်းမအား–

"မမြ ... ခဏနေရင် ကားတစ်စီးလာလိမ့်မယ်။ ကိုချစ်တိုးပြောချေ။ ကားနံပါတ် R-304 လာရင် တံခါး ဖွင့်ပေးလိုက်"

"အလှ ဧည့်သည်လက်မခံသေးဘူးဆို"

"ဟုတ်တယ်။ ဒါပေမဲ့ တွေ့ရုံတစ်ရာပေးပါ့မယ်။ တွေ့ပါရစေဆိုလို့"

မမြဆိုသူ တိုက်အောက်ထပ်သို့ ဆင်း၍သွားပြီး နောက် ချက်ချင်းလိုပင် ပြန်လာရာ ဧည့်ခံရန် စားဖွယ် သောက်ဖွယ်တို့ကို အသင့်ပြင်ဆင်စေပြီးလျှင် အောက်ထပ် သို့ ဆင်းနေစေသည်။

၇ နာရီ မိနစ် ၂၀ ခန့် ကားတစ်စီးသည် ကုက္ကိုင်း လမ်း၊ ခြံတစ်ခြံရှိ တံခါးအပြင်ဘက်တွင် ရပ်နေသည်။ အ တွင်းမှ လက်နှိပ်ဓာတ်မီးနှင့်ထိုးကြည့်ရာ R-304 ကို မြင် ရသဖြင့် တံခါးဖွင့်ပေးလိုက်၏။

အသက် ၃၀ ခန့် မွန်မွန်ရည်ရည် လူခန့်လူချော လူထွားကြီးတစ်ယောက် အပေါ်ထပ်သို့ တက်၍လာ သည်။ ခါးတွင် ပန်းချိတ်လုံချည်၊ ကျစ်ပိုးရင်ဖုံး၊ ရှုးဖိနပ် အညိုရောင်နှင့် မျက်လုံးမျက်ခုံး၊ နှာတံပေါ်ဖြင့် အလွန် ကျက်သရေရှိရာ လှေကားထိပ်မှ အလှစောင့်နေပြီးလျှင် ချိုပြုံးသော အမူအရာနှင့်–

"ဩော်... ကိုကိုက ရောက်လာပြီကိုး" ဟု နှုတ် ဆက်ကာ လက်မောင်းကို တွဲပြီးလျှင် ဆိုဖာများရှိရာသို့ ခေါ်ဆောင်သွားလေသည်။

နှစ်ယောက်ထိုင်ဆိုဖာပေါ်တွင် ထိုင်မိကြသောအခါ ဧည့်သည်သည် သူ၏ အတွင်းအိတ်ကိုနှိုက်ကာ တစ်ရာ တန်ငွေစက္ကူတစ်ချပ်ကို စားပွဲပေါ်တွင် တင်၍ပေးရာ မိန်းမ ပျိုလည်း အရေးမကြီးသလို ဆေးလိပ်ပြာခံခွက်ဖြင့် ဖိ၍ ထားလိုက်၏။

လုလင်ကြီးကား သူ့ဘေးတွင် ထိုင်နေသူအား ခြေ ဆုံးခေါင်းဆုံး ကြည့်ရှုနေလေသည်။ ကြည်ပြာရောင် စူရ တီလုံချည်ပျော့ ဝတ်ထားသဖြင့် အရင်းတုတ်၍ အဖျား သွယ်သော ဆင်၏နှာမောင်းသဏ္ဍာန်ကို မြင်ရ၏။

"အသက် ၁၆ နှစ် ပြည့်ပြီလား"

"၂၀ ထဲမှာ"

"ဟင် ကျုပ်ဖြင့် ၁၆ နှစ်ထက် မကျော်သေးဘူး ထင် မိတာပဲ"

ထိုစကားမျိုးမှာ မိန်းမပျိုတွင် ပထမအကြိမ် ကြားရ ခြင်းမဟုတ်သဖြင့် အံ့သြခြင်းမဖြစ်ချေ။ လုလင်ကြီးသာ မထူမပါး နှုတ်ခမ်းနီ၊ နှာတံပေါ်ကြည်၍ ရီနေသောမျက်လုံး မျက်တောင်ကော့ သုံးရက်လ မှောက်ထားသလို မျက်ခုံး မွေး နဖူးဆံရင်စနှင့် ရက်ရက်စက်စက် လှပနေသော မိန်းမ ပျိုကို တစိမ့်စိမ့် ကြည့်ရှုနေ၏။ မိန်းမပျိုကလည်း ပြန် လှန်ကြည့်ရှုရာ နှစ်ဦးစလုံး ရင်ဖိုနေကြသည်။ လုလင်ကြီး ကပင်–

"နာမည် အပြည့်အစုံကော မသိရဘူးလား"

"မသာလှတဲ့"

"ဒီလောက်ချောတဲ့ရုပ်နဲ့ ရှင်ဘုရင်ခေတ်ဆိုရင် မိဖုရားမြှောက်ကြမှာ အမှန်ပဲ။ ဘာပြုလို့ ဒီအလုပ်ကို လုပ် ရသလဲ အလှရယ်"

"ဒါတွေ မသိချင်ပါနဲ့။ အလှရဲ့ဘဝ အကျိုးပေးလို့ ပဲ အောက်မေ့ပါတော့"

"ကဲ–ကဲ မသိစေချင်လည်း မမေးတော့ပါဘူးဗျာ။ ဒီရက်မှာ လက်မခံတာက ဘယ်လိုသဘောလဲဆိုတာတော့ သိပါရစေ"

"အလှဟာ ဓမ္မတာမလာခင် ၅ ရက်၊ လာဆဲ၊ လာ ပြီး ၅ ရက်၊ ဒီရက်တွေမှာ ဘယ်ဧည့်သည်မှ လက်မခံဘူး"

"ဩော်–ဩော် သိပါပြီ။ ငပူတင်းမ ဖြစ်မှာစိုးလို့ ဆိုပါတော့။ ဒါပေမဲ့ အပရိကတော့ ချစ်ခွင့်ပြုမယ် မဟုတ် လား"

အလှသည် မည်သို့မျှမပြော။ ရီဝေသောမျက်လုံး အစုံဖြင့် လုလင်ကြီးအား ကြည့်ရှုနေရာ လုလင်ကြီးသည် အလှ၏တစ်ကိုယ်လုံး သိမ်းကျုံးပွေ့ဖက်ကာ သူ၏ပေါင် ပေါ်သို့ တင်လိုက်ပြီးလျှင် အလှ၏ပါးပြင်နှစ်ဖက်ကို အားရ ပါးရ ကြူကြူမွှေးနေတော့သည်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

ကဲ– ထ ဟိုအခန်းထဲ သွားရ အောင်" ဟု အခန်းတစ်ခန်းထဲသို့ ခေါ်ဆောင်သွားရာ လုလင်ကြီးလည်း လိုက်ပါသွား၏။ အခန်းထဲ၌ကား ကျောက်စားပွဲပေါ်တွင် ဖန်ခွက်နှစ်လုံး၊ ရေပန်းကန်၊ မြည်းစရာအချို့ တွေ့ရ၏။

"သောက်တတ်သလား၊ ဘာသောက်မလဲ"

"သြော်... ရပါတယ်" ဟု ဗီရိုတစ်ခုကို ဖွင့်လိုက်၏။ လုလင်ကြီး လှမ်းကြည့်လိုက်ရာ ဝီစကီ၊ ဘရန်ဒီ၊ ဘီယာစသော အတော်အမျိုးစုံသည့် ပုလင်းများကို မြင်ရ၏။ အလှသည် ဘီဟိုက် ဘရန်ဒီတစ်လုံး ဆွဲထုတ်လာကာ ဖန်ခွက်ထဲ ထည့်ပြီးလျှင် ရေခဲရေနှင့် စပ်ပေးရင်း–

"ဝီစကီ အင် ဆိုဒါ ဘရန်ဒီ အင် ဝါးတား ဆိုတယ် မဟုတ်လား" ဟု ဖြူဖွေးညီညာသော ပုလဲဥသဏ္ဌာန် သွားကလေးများပေါ်အောင် ပြုံး၍ပြောလိုက်ရာ လုလင်ကြီးလည်း ပြန်၍ပြုံးရင်း ခေါင်းညိတ်နေလေသည်။

အရက်အသင့်အတင့်သောက်ပြီးနောက် ဧည့်ခန်း စန္ဒရားရှိရာသို့ လာပြီးလျှင် အလှကိုယ်တိုင် ချစ်သမျှကို ပတ်ပျိုးကို ဆိုတီး တီး၍နေရာ လုလင်ကြီး အတော်သဘောကျနေသည်။ အလွန်သာယာသော အသံ၊ လက်ဆယ်ချောင်း အသုံးချ၍ ညက်ညက်ကလေး လှိမ့်ထွက်လာသော စန္ဒရားသံနှင့် စည်းကိုက်ဝါးကိုက် နားထောင်၍ မငြီး ဖြစ်နေသည်။

အလှသီချင်းဆုံးလျှင် လုလင်ကြီးသည် အလှတစ်ကိုယ်လုံးကို ကလေးငယ်ပွေ့သလို ပွေ့ယူကာ မတ်တတ်ရပ်လိုက်၏။ အလှ၏ ဦးခေါင်းသည် လုလင်ကြီး၏ ဘယ်လက်မောင်းအလွန်တွင် ပက်လက်ကလေးရောက်နေရာ လုလင်ကြီးသည် အလှ၏ နဖူး၊ ပါးပြင်၊ လည်ပင်း၊ ပခုံးပါမကျန် နမ်းရှုပ်နေ၏။ တစ်ဖန် အလှ၏ရင်ခွင်ထဲ သူ၏ပါးအပ်ရင်း–

"အလှရယ် ခွင့်ပြုမယ် မဟုတ်လား"

"ဒီပြင်လူဆိုရင် ဧည့်ဝတ်ကျေရုံ ပြုစုတာပဲ။ အခု ကိုကို့ကိုတော့ ဝမ်းထဲကပါ လှိုက်လှိုက်လှဲလှဲ ချစ်လို့ စွန့်ပြီး ခွင့်ပြုရမှာပဲ။ အလှကို ချပါဦး"

လုလင်ကြီးသည် သူ့လက်ထဲမှ အလှအား မတ်တတ်ရပ်လျက်ဖြစ်အောင် ချပေး၏။ အလှလည်း လုလင်ကြီး၏ခါးကိုဖက်ကာ အခန်းတစ်ခန်းထဲသို့ ခေါ်ဆောင်သွား၍ ညဝတ်အင်္ကျီသုံးလေးထည်ကို လက်ညှိုးညွှန်ပြရင်း

"အဲဒီထဲက ကိုကိုနဲ့တော်တာ တစ်ခုဝတ်၊ ခါးက အဝတ်တွေ ချွတ်ထားခဲ့။ အလှ ဟိုဘက်ခန်းက စောင့်နေမယ်" ဟု ပြောကာ ထွက်ခွာသွား၏။

တိုက်ခန်းမှာ ဖယောင်းတိုင် ၆၀ အား မီးနှစ်ပွင့် ဖွင့်ထားရာ အပြာရောင် နံရံများနှင့် ပနံစား၍ နေ၏။ ဆိုဖာများသည် ထိုင်သူကင်းမဲ့လျက် ငုတ်တုတ်ဖြစ်နေကြသည်။ ဆိုဖာများအလယ်ရှိ မှန်စားပွဲဝိုင်းပေါ်၌ ဆေးလိပ်ပြာခံခွက်နှင့် ဖိထားသော ရာတန်စက္ကူသည် အကယ်၍ စကားပြောတတ်က "ငါ့ကျေးဇူး" ဟု ပြောပေလိမ့်မည်။ တစ်တိုက်လုံးမှာ တိတ်ဆိတ်လျက် လမ်းပေါ်မှ တစ်စီးတလေ ဖြတ်သွားသော မော်တော်ကားသံကို ကြားရ၏။

မိနစ် ၂၀ ခန့်ကြာသောအခါ အရက်သောက်သော အခန်းထဲတွင် ချစ်သူနှစ်ဦး နို့အေးသောက်နေကြသည်။ လုလင်ကြီးသည် နို့တစ်ကျိုက်နှစ်ကျိုက် သောက်ပြီးလျှင် ကျောက်စားပွဲပေါ် အသာပြန်ချကာ–

"အလှရယ်... ကိုကိုတော့ စွဲပြီ။ ကိုကိုနဲ့ တစ်သက်လုံး ပေါင်းရအောင်လား"

"မဖြစ်နိုင်ပါဘူး ကိုကိုရယ်။ ပြီးတော့ မယားကြီးဖြစ်တဲ့သူကို နှိပ်စက်ရာ ကျမှာပေါ့"

"ခက်တယ်၊ ခက်တယ်။ အတွေ့နောက်ကျတာကိုး။ အခုလည်း တစ်ညလုံး နေချင်တယ်။ ဒါပေမဲ့ ဘာမှမှာမထားခဲ့ရလို့ ပြန်ရဦးမယ်။ နက်ဖြန်တော့ ခွင့်ပြုမယ် မဟုတ်လား"

"အခုမှတော့ မထူးတော့ပါဘူး။ ခွင့်ပြုရတော့မှာပေါ့"

လုလင်ကြီးသည် နို့ခွက်ကို အကုန်မော့လိုက်ကာ အဝတ်လဲသော အခန်းထဲသို့ထ၍လာခဲ့ရာ အလှလည်း ထက်ကြပ်လိုက်ပါလာလေသည်။

အဝတ်များလဲပြီးလျှင် အလှအား ပွေ့ဖက်ကာ အထပ်ထပ် မွှေးပြန်သည်။ အလှမှာလည်း လုလင်ကြီး ပြုသမျှ သည်းခံနေရှာကာ နှစ်ယောက်တွဲလျက် လှေကားထိပ်ဆီသို့ လာခဲ့ကြသည်။

"ကဲ – သွားမယ်နော် အလှ"

"ဟုတ်ကဲ့ ကိုကို"

* * *

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့ လုလင်ကြီးလာပြန်သည်။ ဤသို့ဖြင့် သုံးရက်တစ်ကြိမ်လောက် ဆက်ဆံလာရာ အလှမှာ ငွေကိုပင်လက်မခံ ငြင်းဆန်နေသော်လည်း လုလင်ကြီးက ဇွတ်ပေးရုံသာမဟုတ် စိန်လက်စွပ်၊ စိန်ဆွဲကြိုးများပင် ဆင်ယင်ပေးလေသည်။

တစ်လခန့်အကြာ အလှ ပျို့အန်လေသည်။ ဓမ္မတာလည်း မပေါ်သဖြင့် အကြီးအကျယ်စိတ်ညစ်သွားလေသည်။ စောစောနုနုက ဖျက်ချဖို့ပင် စိတ်ကူးမိသော်လည်း သတ္တဝါတစ်ယောက်၏ အသက်ကို သတ်ဖြတ်သည်နှင့် မခြားဖြစ်နေသောကြောင့် အကုသိုလ်ကို သူကြောက်နေသည်။ ဧည့်သည်များအား ၂ လခန့်အထိ လက်ခံနေပြီးနောက် ကျန်းမာရေးအတွက် တောသို့သွားသည်ဟု အကြောင်းပြကာ အိမ်တွင်းအောင်း၍ နေရှာသည်။

မမြဆိုသူမှာကား ၁၄–၅ ရက်ခန့် တယ်လီဖုန်းနှင့် ချိန်းဆိုသူများအား အလှ အိမ်တွင်မရှိ။ တောသွားနေသည်ဟု မကြာခဏ အကြောင်းပြန်ပြောနေရ၏။ ထို့နောက်မူ တိုက်ကြီးသည် ဆိတ်ငြိမ်နေတော့သည်။ မမြအပြင် အခြားမိန်းကလေးတစ်ယောက်၊ ဒရိုင်ဘာနှင့် တံခါးမှူးကိုချစ်တိုးတို့ရှိရာ သူတို့၏ လှုပ်ရှားသွားလာမှုကိုသာ မြင်တွေ့ကြရသည်။

အလှကား အိမ်တွင်း၌သာ လမ်းလျှောက်နေရ၍ စားသောက်ချိန်တွင် မမြတို့ လာရောက်ပို့ပေးကြ၏။ ကိုယ်ဝန်မှာလည်း တစ်နေ့တခြား ရင့်မာလာရာ ကျွမ်းကျင်သော အရပ်ဝမ်းဆွဲတစ်ယောက်ကို နှုတ်ပိတ်ငွေပေး၍ အသင့်ရှာထားလေသည်။ နေ့လစေ့သောအခါ ထိုဝမ်းဆွဲနှင့်ပင် မွေးဖွားရာ ရေဆေးငါးပမာ ဖြူဖွေး၍ ချစ်စဖွယ်ကောင်းသော သားယောကျ်ားကလေး ဖြစ်နေသည်။

အလှသည် သူ၏ သားကလေးအား တစ်လမျှ သူ့နို့ရည်တိုက်ကျွေးပြီးနောက် ကလေးကိုကြည့်ကာ မျက်ရည်ကျွေတွေ စီးဆင်းနေရှာသည်။ ကလေးကား ဘာမျှနားမလည် ခြေကားယား၊ လက်ကားယားနှင့် သူ့မိခင်အား ပြုံးသလို၊ ငိုမလိုဟန်နှင့် ကြည့်ရှုနေရှာသည်။

"သားရေ... လူကလေး၊ မင်းနဲ့ မေမေနဲ့ ခွဲရတော့မယ်။ မင်းကို မချစ်လို့မဟုတ်ဘူးကွဲ့။ မင်းဟာ မေမေ့သားရယ်လို့ လူအများသိရင် မင်းတစ်သက်လုံး လူတောထဲတိုးနိုင်မှာ မဟုတ်ဘူး။ မင်းရောက်မယ့် အိမ်ဟာလည်း သူများမဟုတ်ဘူး။ မင့်အဖေအရင်းရဲ့ အိမ်ကွဲ့"

ဘာမျှနားမလည်ရှာသေးသော ကလေးငယ်အား လေလျှောက်ပြောဆိုကာ ငိုု၍မွေးနေရှာသည်။ ထို့နောက် ကိုချစ်တိုးအားခေါ်ကာ တီးတိုးတိုင်ပင်နေလေသည်။

နောက်တစ်နေ့နံနက် ၅ နာရီသာသာတွင် မော်တော်ကားတစ်စီးသည် ဘုရားလမ်းအတိုင်း မောင်းလာကာ တစ်ခုသော နှစ်ထပ်တိုက်နှင့် ဝင်းခြံဘေးတွင် ထိုး၍ရပ်လိုက်၏။ ကားနောက်ပိုင်းမှ ယောကျ်ားတစ်ယောက်သည် တစ်စုံတစ်ခုကို အသာအယာပွေ့ကာ ဝင်းတံခါးဘေးတွင် ချထားခဲ့ပြီးလျှင် ကားပေါ်သို့ လျှင်မြန်စွာတက်၍ ထွက်ခွာသွားလေသည်။

အရှေ့လောကဓာတ်မှ ရောင်နီများ ထွက်ပေါ်လာရာ အလင်းရောင်များလည်း တစ်စတစ်စလွှမ်းခြုံနေလေသည်။ နွားနို့ကုလားတစ်ယောက်သည် ထိုတိုက်ဝင်းခြံတံခါးအနီးသို့ရောက်ကာ "အမား အမား" ဟု လှမ်းခေါ်လိုက်ရာ အခိုင်းအစေနှင့်တူသော အသက် ၂၅ နှစ်ခန့် မိန်းမတစ်ယောက် တံခါးလာဖွင့်စဉ် ကုလားသည် "အဗား" ဟု လန့်အော်လိုက်သည်။ ကုလားကြည့်ရာသို့ မိန်းမပျိုကြည့်လိုက်သောအခါ အဝတ်နှင့် ထွေးလုံးစွန့်ပစ်ထားသော တစ်လသားအရွယ် ကလေးငယ်ကိုမြင်ရာ "ဟင် ကလေးကလေး" ဟု ဆိုကာ အိမ်ထဲသို့ အပြေးဝင်သွား၏။ မကြာမီ အသက် ၃၀ ခန့် ထောင်ထောင်မောင်းမောင်း လုလင်ကြီးတစ်ယောက် ရေးကြီးသုတ်ပျာနှင့် ထွက်၍လာ၏။ "ဟဲ့ အသက်ရှိသေးသလား ဟင်" ဟု ပြောကာ ကလေးငယ်အား ကုန်း၍ပွေ့ယူလိုက်ရာ လက်ချောင်းများကို ပါးစပ်နှင့်စုပ်လျက် ပြူးကြောင်ကြည်လင်သော မျက်လုံးနှင့် တွေ့ရသဖြင့်...

"ဟော... အသက်ရှိသေးတယ်။ နုတ်ပေးတာပဲဟေ့။ ရေဆေးငါးလို ချောလိုက်တဲ့ကလေး" ဟု ပြောရင်း ငုံ့၍ နမ်းလိုက်မိလေသည်။ သားဟူသော ချစ်ခြင်းဖြင့် ရီးတွင်းစိမ့်မျှ ပီတိဖြစ်နေသည်။

"ဟော... မောင်မောင်ဘ ကလေးကလေးလား ဟေ့"

တိုက်ဆင်ဝင်အပေါ်ထပ်မှ အသက် ၅၀ ခန့် လူကြီးတစ်ယောက်က ငုံ့၍လှမ်းကြည့်ကာ မေးလိုက်ရာ...

"ဟုတ်တယ် အဘရေ့ ယောကျ်ားကလေး"

မကြာမီ ကလေးငယ်အား အိမ်အပေါ်ထပ်တွင် တစ်

www.burmeseclassic.com

www.burmeseclassic.com



အိမ်သားလုံး ဝိုင်းဝန်းကြည့်ရှုနေကြသည်။ အဘိုးကြီးက

"ဒီလောက် ချစ်စရာကောင်းတဲ့ ကလေးကို စွန့်ပစ်ရက်တာများအံ့သြပါရဲ့"

"အဖေမပေါ်တဲ့ ကလေးမို့ ပစ်ရှာတာ နေမှာပေါ့"

မောင်မောင်ဘ၏ဇနီး မခင်ကြီးတွင် ၁၀ နှစ်အရွယ် သမီးတစ်ယောက်နှင့် ၈ နှစ်အရွယ် သမီးတစ်ယောက်သာ ထွန်းကား၍ သားယောကျ်ားမထွန်းကားသဖြင့် လင်မယားနှစ်ယောက်စလုံး ဝမ်းသာနေကြသည်။ ကလေးအား မောင်သက်ရှေဟု အမည်ပေးကာ နို့ထိန်းများနှင့် ကျွေးမွေးပြုစုကြတော့သည်။

မောင်သက်ရှေ အခါလည်ကျော်လျှင် စကားမပီကလာ ပြောတတ်၍ ရုပ်ရည်မှာလည်း မောင်မောင်ဘနှင့်တူ လေရာ အချစ်ဆုံးမှာလည်း မောင်မောင်ဘပင် ဖြစ်တော့၏။

အလှသည် ဤကလေးအား မောင်မောင်ဘ၏ ကလေးမှန်း အတတ်သိ၏။ သူကျင့်စဉ်ဖောက်၍ မောင်မောင်ဘအလိုလိုက်မိသဖြင့် ကလေးရခြင်းဖြစ်သည်။ သို့ရာတွင် ထိုကလေးသည် အလှကလေး၊ မောင်မောင်ဘနှင့်ရသော ကလေးဟု မောင်မောင်ဘ မသိစေလို။ သူ့သားတစ်သက်လုံး လူရာမဝင်ဖြစ်မည်ကို စိုးရိမ်သဖြင့် ကလေးသာအရောက်ပို့လိုက်ပြီး မည်သည့်အကြောင်းမျှ မောင်မောင်ဘအား မသိစေရချေ။

မောင်သက်ရှေ ၆ နှစ်သားတွင် မြန်မာစာသင်ကျောင်း၌ထား၍ သင်ကြားစေရာ ဉာဏ်အလွန်ကောင်းသဖြင့် သူငယ်တန်းနှင့် ပထမတန်းကို တစ်နှစ်၊ ဒုတိယတန်းနှင့် တတိယတန်းကို တစ်နှစ်၊ ၂ နှစ်နှင့် လေးတန်းရောက်လေရာ မြန်မာကျောင်းမှနှုတ်၍ စိန်ပေါ်ကျောင်းသို့ ပြောင်းရွှေ့ထားပြန်သည်။

မောင်သက်ရှေမှာ သွက်လက်အကင်းပါး ဖျတ်လတ်သဖြင့် တစ်အိမ်သားလုံး၏ အသည်းကျော်ဖြစ်နေတော့သည်။ စိန်ပေါ်တွင် အင်္ဂလိပ်ဘာသာသက်သက်သင်သော အတန်းတွင် 'ဘရောင်း'အမည်နှင့်သင်စေရာ မြန်မာကျောင်းသားများအဖို့ တစ်နှစ်တစ်တန်းအောင်ရန် အတော်ခဲယဉ်းသော်လည်း မောင်သက်ရှေမှာ တစ်တန်းနှင့်နှစ်တန်း တစ်နှစ်၊ သုံးတန်းနှင့် လေးတန်းတစ်နှစ်နှင့် အောင်၏။

မောင်သက်ရှေ အသက် ၁၀ နှစ်တွင် ၄ တန်းအောင်၍ ၅ တန်းဆက်သင်ရ၏။ အစ်မကြီး ခင်မိမိ အသက် ၂၀၊ အစ်မအငယ် ခင်မမ အသက် ၁၈ နှစ်သို့ ရောက်နေ၍ ခင်မိမိမှာ စက်သူဌေးသားတစ်ဦးနှင့် အိမ်ထောင်ကျလေသည်။ မောင်သက်ရှေ၏ ကစားဘက်မှာကား တိုက်ချင်းနီး ဝတ်လုံတော်ရတစ်ဦး၏ သမီး အသက် ၆ နှစ်ရွယ် ခင်နန်းနွယ် ဆိုသူကလေးဖြစ်၏။

"မောင်သက်ရှေ... အေ ... မောင်သက်ရှေ"

ခင်မမသည် တစ်ဖက်ခြံဆီသို့ လှမ်းအော်၍ ခေါ်လိုက်ရာ "ခင်ဗျာ ... လာပါပြီ မမလေး" ဟု ဘောင်းဘီတိုကလေးနှင့် အပြေးလာရှာသည်။

"ကြည့်စမ်း အားရင် သူ့မယားဆီ သွားနေတာပဲ"

"ဟုတ်လည်း ဟုတ်ဘဲနဲ့ မမလေးက"

မောင်သက်ရှေသည် မျက်နှာကလေးများ ပျက်သွားကာ ပြန်ပြောရှာရာ အစ်မဖြစ်သူက လက်မောင်းကို ညင်သာစွာ ဆွဲခေါ်ရင်း...

"မမလေးက ကျီစားတာပါကွာ။ လာ ထမင်းစားကြစို့"

ခင်နန်းနွယ် ၆ နှစ်၊ မောင်သက်ရှေ ၁၀ နှစ်တွင် တပူးပူးတတွဲတွဲ နေကြရာ အစ်မကြီး၊ အစ်မလေးများကလည်း လင်မယားဟု မကြာခဏ စကြနောက်ကြသော်လည်း မောင်သက်ရှေကား အသွားမပျက် နေခဲ့၏။

တစ်နေ့သ၌ မောင်သက်ရှေသည် မျက်နှာညှိုးငယ်စွာ ကျောင်းမှပြန်လာရာ သူ့ဖခင် မောင်မောင်ဘ၏ ရင်ခွင်ထဲတိုးကာ ငို၍နေ၏။

"သား လူလေး ဘာဖြစ်လာသလဲဟင်။ ဘာလို့ငိုရတာလဲကွဲ့"

"ကျွန်တော်ဟာ ဖေဖေ့သားအရင်းမဟုတ်ဘူး၊ သူများပစ်ထားတာကို ကောက်ပြီး မွေးစားထားတာတဲ့"

"မဟုတ်တာပဲ လူလေးရယ်။ ဖေဖေ့ရုပ်နဲ့ မင်းရုပ်မတူဘူးလား။ သူများက အလကားနောက်တာပါ။ မင်းအစ်မနှစ်ယောက်နဲ့လည်း ရုပ်ချင်းဆင်တယ် မဟုတ်လား"

"ဒါဖြင့် ကျွန်တော်ဟာ ဖေဖေ့သားအရင်းနော်။ ကျော်ဖေဆိုတဲ့အကောင်ကပြောတာ သူ့အဖေနဲ့ မင့်အဖေ မောင်မောင်ဘနဲ့ ခင်သတဲ့"

"အလကား ကျီစားနေကြတာပါ။ ကဲ နှပ်နွယ်

www.burmeseclassic.com

www.burmeseclassic.com



မျှော်နေလိမ့်မယ် သွားချည်ပါလား သားရဲ့"

မောင်သက်ရှေသည် ဖခင်အား ရုက်ကိုးရုက်ကန်း နှင့်ကြည့်ကာ မြောက်ဘက်ခြံဆီသို့ ကူး၍သွားလေသည်။

မောင်သက်ရှေ ၁၆ နှစ်သားအရွယ်တွင် ဆယ်တန်း စာမေးပွဲကို ဝင်ရောက်ဖြေဆိုရလေသည်။ စာမေးပွဲ ဖြေဆို ပြီးနောက် ကျောင်းမပိတ်သေးသဖြင့် ဆက်လက်၍ ကျောင်းတက်နေရသည်။ များမကြာမီ နွေရာသီ ကျောင်း ပိတ်လိုက်ရာ ကျောင်းသားများမှာ ဖောင်းထဲက လွတ် လိုက်သော မြင်းပမာ ပျော်မြူးနေကြလေသည်။

မေလထဲတွင် စာမေးပွဲ အောင်ဇေဇက် ထွက်ပေါ်လာ ရာ မောင်သက်ရှေသည် ပထမပိုင်းမှ အောင်မြင်၏။ ထို သို့ စာမေးပွဲအောင်သဖြင့် ဝမ်းသာအားရ ရှိလာမည်ထင် ကြရာ မောင်သက်ရှေမျက်နှာမှာ အမြဲညှိုး၍ နေလေသည်။

တစ်နေ့တွင် မောင်မောင်ဘထံကပ်ပြီး မောင်သက်ရှေ မေးမြန်းပြန်သည်။

"ကဲ ဖေဖေရယ် မှန်မှန်ပြောပါတော့။ ဖေဖေမပြော ခင် ကျွန်တော် ပြောပြဦးမယ်။ ကျောင်းမပိတ်ခင်ကလေး တင် အကောင်တစ်ကောင် လာစတာနဲ့ ကျွန်တော် ထိုး လိုက်တယ်။ သူ့အမေကို သွားတိုင်တယ်။ သူ့အမေက ကျောင်းလိုက်လာပြီး မိမစစ်၊ ဖမစစ်သားတဲ့။ ကျွန်တော် က မြေပိုင်ရှင်သူဌေး မောင်မောင်ဘသားလို့ ပြန်ပြောတော့ ကောက်ရလို့ မွေးစားထားတာပဲ စွပ်စွဲတယ်။ ကျွန်တော် မိန်းမကြီး ရိုက်မယ်လုပ်သေးတယ်။ နောက် သိနိုင်တဲ့ နည်း တစ်ခုကို ကျောင်းသားကြီးတစ်ယောက်က အကြံပေးလို့ ကန်တိုမင်ဌာနသွားပြီး အမှုဖိုင်တွဲဟောင်းတွေ သွားကြည့် တယ်။ လွန်ခဲ့တဲ့ ၁၆ နှစ်လောက်က မောင်မောင်ဘ ကလေးတစ်ယောက် ခြံပေါက်ကရလို့ မွေးမြူထား ကြောင်း၊ ကလေးရှင် လိုချင်က ပြန်ပေးမယ့်အကြောင်းပါ ရေးမှတ်ထားတာ တွေ့ရတာပဲ"

"ဖေဖေ မပြောရက်ဘူး၊ တစ်အိမ်လုံးလည်း မပြော ရက်ကြဘူး။ သားက စစ်စစ်ပေါက်ပေါက် နိုင်လှတော့ ပြောရတော့မယ်။ သားထင်တဲ့အတိုင်းပဲ လွန်ခဲ့တဲ့ ၁၆ နှစ် က ကောက်ယူမွေးစားခဲ့တာပဲ။ မင့်အဖေအမေ ဘယ်သူ ဘယ်ဝါလို့ မသိခဲ့ဘူး။ ဒါပေမဲ့ ဖေဖေဟာ မင့်ကို သားအ ရင်းလို ချစ်နေမင့်ဟာ သားက အဖေရင်းလို မခင်နိုင်ဘူး လား"

မောင်မောင်ဘသည် ထိုသို့ပြောရင်း မျက်ရည်များ ဝိုင်းလာရှာသည်။

"ကျွန်တော်ကလည်း အဖေအရင်းလို့လဲ ထင်ခဲ့ တယ်။ အဖေအရင်းလိုလည်း ချစ်ပါတယ်။ သူများပြော တာမခံချင်လို့ အမှန်သိအောင် စုံစမ်းတာပါ"

"ဒီစိတ်တွေ ဖျောက်လိုက်ပါကွာ။ ဖေဖေ ဘယ် လောက်ချစ်တယ်ဆိုတာ သား အသိသားနဲ့ပဲ"

မောင်သက်ရှေသည် သူ့ဖခင်အနီးမှ ထွက်ခွာခဲ့ကာ ပန်းခြံထဲတွင် လမ်းလျှောက်နေသည်။ သူတစ်စုံတစ်ရာ အကြံယူနေ၏။ မိဘအရင်း မဟုတ်သူထံ နို့သက်ခံနေ၍ မတော်။ ကိုယ့်ဒူးကိုယ်ချွန် တခြားထွက်သွားခြင်းက ကောင်းသည်ဟု ဆုံးဖြတ်လေသည်။

"ကိုကိုသက်"

တစ်ဖက်ခြံမှ မကျယ့်တကျယ် အသံတသံ ကြားရ ရာ မောင်သက်ရှေသည် ထိုခြံဘက်သို့ ကူး၍သွားလေ သည်။ အသက် ၁၂ နှစ်ခန့် ဆံရစ်ဝိုင်းနှင့် မိန်းကလေး သည် မောင်သက်ရှေ၏ လက်ကိုဆွဲကာ ပန်းခြံထဲသို့ ခေါ် သွား၏။

နှစ်ယောက်သား ခုံတန်းတစ်ခုပေါ်တွင် ထိုင်မိကြ ရာ ခင်နန်းနွယ်သည် မောင်သက်ရှေ၏ မျက်နှာကိုကြည့် ကာ...

"ဟင်... ကိုကိုသက် မျက်နှာလည်း မကောင်းပါ လား၊ ဘာဖြစ်လို့လဲ"

"အေး... ဒါတွေ ပြောမလို့ ဘယ်သူ့မှ ပြန်မပြောရ ဘူးနော်"

"မပြောပါဘူး စိတ်ချပါ"

"ကိုကိုသက်ဟာ မောင်မောင်ဘရဲ့ သားအရင်း မဟုတ်ဘူး"

"အို... ဒါလား ဖေဖေတို့ပြောလို့ နွယ်နွယ် အစော ကြီးကတည်းက သိသားပဲ"

"ဩော်... နွယ်နွယ်တောင် သိနေပြီကိုး"

မောင်သက်ရှေသည် သူ့အကြံကို ဖွင့်ပြောရ ကောင်း မလားဟု စဉ်းစားနေသည်။ ဆံရစ်ဝိုင်း၊ မျက်တောင်ကော့ အတွင်းက ကြည်လင်သော မျက်လုံး၊ အပျိုကြီးဖြစ်လျှင် မိန်းမချောဖြစ်မည့် အသွင်ဆောင်နေသော ခင်နန်းနွယ်၏ တစ်ကိုယ်လုံးကို ခြံ၍ကြည့်နေသည်။ လက်ပွန်းတတီး

www.burmeseclassic.com

www.burmeseclassic.com



နေခဲ့ကြရာတွင် ယခုတစ်ကြိမ် စိတ်တစ်မျိုး ဖြစ်နေ၏။ အတန်ကြာ ဆိတ်ငြိမ်နေရာမှ...

"ကိုကိုသက် ဒီအိမ်မှာ မနေတော့ဘူး။ တိတ်တိတ် ထွက်သွားမယ်လို့"

"အို... ဘာလို့သွားမှာတုန်း။ အားလုံးက ချစ်ကြသားပဲ။ ကိုကိုသက်သွားရင် နွယ်နွယ်တစ်ယောက်တည်း ဘယ့်နှယ်လုပ်နေရမှာလဲ"

ရိုးရိုးချစ်ကြသည်ဟု နှစ်ဦးစလုံး ထင်ခဲ့ရာမှ တကယ်ခွဲခွာမည် ရှိကြသောအခါ တစ်မျိုးချစ် ချစ်နေကြပြီကို နှစ်ယောက်စလုံး နားမလည်ဘဲ အချစ်အိုးပေါက်ကွဲစပြုနေလေသည်။ ခင်နန်းနွယ်သည် မျက်ရည်ကလေး ဝဲနေသည်။

"မသွားလို့မဖြစ်ဘူး နွယ်နွယ်။ ကိုယ့်ဒူးကိုယ်ချွန် လုပ်ချင်တယ်"

"အနို့ ဘယ်သွားမှာလဲ"

"မပြောတတ်သေးဘူး၊ တော်တော်ဝေးလိမ့်မယ်။ နို့ပေမဲ့ အကြံအထမြောက်တဲ့အခါ ပြန်တွေ့ကြတာပေါ့"

"နွယ်နွယ်တော့ နေ့တိုင်းပျင်းနေမှာပဲ"

နွယ်နွယ်သည် ထို့ထက်ပို၍ ပြောလိုသည်။ မပြောတတ်။ မောင်သက်ရှေသည် ဘာပြောရမည်မသိ။ နွယ်နွယ်၏ ကိုယ်ကလေးကို သိမ်းကျုံးပွေ့ဖက်ကာ ပါးပြင်ကလေးကို မွှေးမိသည်။ နွယ်နွယ်ကား မျက်ရည်များ ပါးပြင်ပေါ်စီးကျနေရာ မောင်သက်ရှေက လွှတ်ပေးပြီးလျှင်-

"ကဲ... သွားမယ်နော် နွယ်နွယ်" ဟုဆိုကာ ထွက်ခွာခဲ့လေသည်။

မောင်သက်ရှေသည် အိမ်တွင် ဣန္ဒြေမပျက်နေပြီးလျှင် ကျောင်းအုပ်ဆရာကြီးဆီမှ ထောက်ခံစာ၊ မိတ်ဆက်စာ စသည်တို့ကို ယူ၍ထား၏။ သူ၏အကြံမှာ ပညာသင်ကြားရာ၌ ဆေးပညာသည် လူ၏ အသက်ပေါင်းများစွာကို ကယ်ဆယ်နိုင်သဖြင့် အိန္ဒိယပြည်သို့ သွားရောက်သင်ကြားမည်ဟု ဆုံးဖြတ်ထားပြီးဖြစ်၏။

ရှစ်နှစ်သားအရွယ်ကစ၍ မုန့်ဖိုးထဲမှ စုဆောင်းထားသော ငွေ ၄၀၀ိ ကျော်မျှ စာတိုက်တွင် အပ်နှံထားရာ ထိုငွေများကို ထုတ်ယူ၍ ဖခင်မောင်မောင်ဘထံ စာတစ်စောင်ရေးခဲ့ပြီးလျှင် သင်္ဘောပတ်ကြီးသည်နှင့် အိန္ဒိယသို့ လိုက်ပါသွားလေသည်။

ကာလကတ္တားသို့ရောက်လျှင် ဆရာကြီးရေးပေးလိုက်သော လိပ်စာအတိုင်း တက္ကသိုလ်ကျောင်းကြီးသို့ တက္ကစီတစ်စီးငှား၍သွား၏။ ကျောင်းအုပ်ဆရာကြီးနှင့် တွေ့သောအခါ ရန်ကုန်က ဆရာကြီးထံမှ စာကိုပြလျှင် ကောင်းမွန်စွာ လက်ခံစကားပြောလေသည်။ ဆေးပညာသင်လိုလျှင် ဘီအက်စီအောင်ပြီးမှ သင်ကြားက ပိုမိုကောင်းမည်ဟု ပြောသဖြင့် ကျောင်းအုပ်ဆရာကြီးအိမ်မှာ အခိုင်းအစေပမာ နေထိုင်၍ အိုင်အက်စီအောက်တန်းကို စတင်သင်ကြားရသည်။

ကျောင်းအုပ်ဆရာကြီးမှာလည်း မောင်သက်ရှေ၏ လိမ္မာရေးခြားရှိခြင်း၊ သွက်လက်ပေါ့ပါးခြင်းတို့ကြောင့် သားပမာ ချစ်ခင်လေသည်။ သူ၏ နှုတ်ဖျားတွင် 'ဘရောင်း ဘရောင်း'ဟု သီးနေအောင်ပင် ဖြစ်သည်။ ဉာဏ်ကောင်းသဖြင့် အိုင်အက်စီအောက်တန်းနှင့် အထက်တန်းကို တစ်နှစ်တည်းနှင့် အောင်မြင်၏။ ဘီအက်စီကိုမူ နှစ်နှစ်သင်ပြီး ဂုဏ်ထူးနှင့် အောင်လေသည်။

တက္ကသိုလ်ကျောင်းအုပ်ကြီး၏ ထောက်ခံချက်သာမဟုတ် ကိုယ်တိုင်လိုက်၍ အပ်နှံသဖြင့် ဆေးကျောင်းအုပ်ကြီး အိမ်တွင် နေရပြန်သည်။ ထိုအခါ၌ မောင်သက်ရှေမှာ အင်္ဂလိပ်ဆေးပညာသာမဟုတ်၊ ဟိန္ဒူဆေးပညာ သက္ကဋ္ဌ စာပေများပါ ဆည်းပူးလေသည်။ လုံ့လဝီရိယလည်းရှိ၊ ဉာဏ်လည်းကောင်းသဖြင့် ဆေးကျောင်းသုံးနှစ်သင်ရာတွင် သုံးနှစ်စလုံး ပထမချည့် အောင်ခဲ့သည်။ အပေါင်းအသင်းဆံ့ခြင်း၊ ထူးချွန်ခြင်းကြောင့် ဘင်္ဂါလီကျောင်းသားများ၊ ကပြားများ၊ မျက်နှာဖြူကျောင်းသားများပင် မောင်သက်ရှေအား ခင်မင်ကြသည်။ လေးစားကြသည်။

မောင်သက်ရှေသည် အင်ဘီဘီအက်စ်ဒီဂရီဘွဲ့ မယူရသေးခင်အတွင်း ဗုဒ္ဓဂါယာမိဂဒါဝုန် ဇေတဝန်စသည်တို့သို့ ဘုရားဖူးလှည့်လည်နေ၏။ ရေချိုးဆိပ်ကြောင့် ထင်ရှားကျော်စောသော ဗာရာဏသီမြို့သို့ရောက်သောအခါ ဆေးကျောင်းနေဖက် ဘင်္ဂါလီကျောင်းသားနှင့် တွေ့လေသည်။ ထိုကျောင်းသားအိမ်၌ တည်းခိုစဉ် ဟိန္ဒူသူဌေးကတော်ကြီးတစ်ယောက် ဦးယဉ်းခဲ့သော ဝေဒနာမှာ ၇ နှစ်တိုင် ကြာရှိကြောင်းကို သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com



မောင်သက်ရှေကား သူ၏ပညာစွမ်းပြချိန်တန်ပြီဟု ဘင်္ဂါလီကျောင်းသားနှင့်အတူ ဝေဒနာရှင်သူဌေးကတော် အိမ်သို့သွားရာ သူဌေးကတော်သည် အသက် ၂၂ နှစ်မျှ ရှိသေးသော မောင်သက်ရှေအား မြင်လျှင်–

"ဟေး... ဒတ်စ်(ဘင်္ဂါလီကျောင်းသား) မင့်လူက ငယ်လှချည့်လား။ တကယ့်ထိတ်ထိတ်ကြဲ သမားတော်တွေတောင် ကုမရတဲ့ဟာ ဟန်ကျပါ့မလား" ဟု ဟိန္ဒူစတန်နီဘာသာဖြင့် မေးလိုက်ရာ မောင်သက်ရှေလည်း ဟိန္ဒူစတန်နီဘာသာ ကောင်းစွာတတ်သဖြင့်

"အသက်ကြီးတာ ငယ်တာ ပဓာနမဟုတ်ပါဘူး ဒေါ်ဒေါ်ရဲ့။ ပညာသာ ပဓာနပါ။ မပျောက်ရင် ဆေးကုခ တစ်ပြားမှ မယူပါဘူး"

"အေးလေ စမ်းကြည့်သေးတာပေါ့။ အမယ်လေး ကျွတ် ကျွတ် ခဲလိုက်တဲ့ ခေါင်း" ဟု ညည်းတွားရင်း ကုသခွင့်ပြုလေသည်။

မောင်သက်ရှေကား ဆေးဝါးပါမလာသဖြင့် ကုသမည်ဆိုပြီးမှ ဘင်္ဂါလီကျောင်းသားနှင့်အတူ ဘယဆေးဆိုင်သို့ သွားရောက်ကာ လိုအပ်သော ဆေးများကို စုဆောင်းရပြန်သည်။ တစ်ဖန် ထောပတ် လက်ဖက်ရေကြမ်းပန်းကန်တစ်လုံးခန့် တောင်းပြီးလျှင် အခြားဆေးများနှင့် ရောနှောလျက် အသင့်ပြင်ထား၏။ သူဌေးကတော်အားလည်း ခုတင်ပေါ်တွင် ပက်လက်အိပ်စေကာ ထောပတ်ဆေးကို နှာနှပ်သလို နှာခေါင်းမှသွင်းလိုက်ရာ ထောပတ်အချို့ ပါးစပ်မှ အန်ထွက်လေသည်ကို ထွေးခံဖြင့် ခံယူလျက်...

"ဟဲ့ ကောင်မတွေ ... ထွေးခံထဲက ထောပတ်တွေ ဝွမ်းနဲ့ တို့ယူလှည့်ကြစမ်း" ဟု အမိန့်ပေးလိုက်၏။

ကြီးကျယ်သော တိုက်အိမ်၊ အလွန်နူးညံ့ကောင်းမွန်ပါရှားပြည်ဖြစ် ကော်ဇောကြီးများခင်းလျက်၊ ရွှေသောက်ရေခွက်၊ ရွှေထုံးဘူး၊ ရွှေလင်ပန်းအသုံးအဆောင်၊ ဆင်စွယ်ခြေတပ် ကုလားထိုင်များဖြင့် အလွန်ကြွယ်ဝချမ်းသာပုံရသော သူဌေးကတော်ကြီးတစ်ယောက်လုံးဖြစ်လျက် ပါးစပ်ကထွက်သော ထောပတ်ကိုပင် ကပ်စေးနည်း၍ အသိမ်းခိုင်းသည်။ ငါတော့ ပိုက်ဆံ ကောင်းကောင်းရမှာ မဟုတ်တော့ပါဘူးဟု မောင်သက်ရှေ စိတ်ပျက်သွား၏။ အကင်းပါးသော သူဌေးကတော်သည် မောင်သက်ရှေအားကြည့်ကာ...

"ဘယ့်နှယ် ဆရာကလေး မျက်နှာမကောင်းပါလား။ ကျုပ်ဟာ ဆေးဝါးကုသတဲ့ ဆရာ့ကျေးဇူးကို သိတတ်ပါတယ်။ ဒီထောပတ်တွေဟာ အလကားဖြစ်သွားတာထက် ခြေပူနာတို့ သုတ်စရာ၊ မီးညှိထွန်းစရာတို့ မရပါလား။ ဆရာ့ရဲ့ကျေးဇူးကို ကောင်းကောင်း ဆပ်ပါမယ်"

မောင်သက်ရှေလည်း ပညာရှိသူဌေးကတော်၏ စကားကိုကြားမှ ပြုံးနိုင်လာသည်။ သူဌေးကတော်၏ ၇ နှစ်တိုင် ခံစားရသော ဝေဒနာမှာ မောင်သက်ရှေ တစ်ခါတည်း နှာနှပ်ပေးရုံနှင့် ယူပစ်သလို ပျောက်ကင်းသွားရကား သူဌေးကတော်က ငွေတစ်ထောင် ပူဇော်၏။ သူဌေးသားကလည်း ငါ့မိခင် ပျောက်အောင် ကုသသူဟု တစ်ထောင်၊ ချွေးမက တစ်ထောင်၊ သူဌေးကြီးက တစ်ထောင်၊ မိတ်ဆွေသင်္ဂဟများကတစ်ထောင် စုစုပေါင်း ၅၀၀၀ိ ရရှိခဲ့လေသည်။

မောင်သက်ရှေ ဆေးကု၍ ပျောက်ကင်းသဖြင့် ကျေးဇူးတင်ကြောင်း အင်္ဂလိပ်သတင်းစာ၊ ကုလားသတင်းစာများ၌ ကြော်ငြာပေးရာ မြန်မာဆေးကျောင်းသားတစ်ဦး၏ လက်စွမ်းဟု မြန်မာသတင်းစာများက ကူးယူဖော်ပြသည်ကို မောင်သက်ရှေကား သိရှိသေးဟန် မတူချေ။

မောင်သက်ရှေသည် ဗာရာဏသီမှ ကာလကတ္တားသို့ ပြန်ခဲ့ပြီးလျှင် မြန်မာပြည်သို့ပြန်ရန် မိတ်ဆွေများအား နှုတ်ဆက်နေ၏။ မောင်မောင်ဘထံမှလည်း ကာလကတ္တား စတိတ်စမင်းသတင်းစာတွင် သားအကြောင်းတွေ့ရမှ ဖေဖေတို့သား ဘယ်ရောက်နေသည်ကို သိရကြောင်း၊ သားထွက်ပြေးသွားစဉ်က စိတ်မချမ်းမသာနေ့စဉ်နှင့်အမျှ လွမ်းဆွတ်အမှတ်ရကြောင်းစသော စာရှည်ကြီးတစ်စောင်ကို ဖတ်ရှုရလေသည်။

ပြန်မည့်နေ့၌ ဆေးကျောင်းအုပ်ကြီးအား ဗုဒ္ဓဘာသာထုံးစံအတိုင်း ကန်တော့ရာ ဆရာကြီးမှာ ဆုမပေးတတ်၊ ခေါင်းညိတ်ကြည့်ရင်း....

"ဘရောင်း မင်း ဆေးဘက်မဝင်တဲ့သစ်ပင် တစ်ပင်မှ ဆရာ့ကို မပြနိုင်ခဲ့ဘူးနော်"

"ကျွန်တော် ကြိုးစားရှာတာပဲ။ နေရာလည်း အတော်နဲ့ပါတယ်။ ဘယ်မှာမှ ဆေးဘက်မဝင်တဲ့အပင် တစ်ပင်တလေမှ မတွေ့ရပါဘူး ဆရာကြီးရဲ့"

"အေး မင်းဟာ ဟိန္ဒူဆေးပညာပါတတ်တဲ့လူမို့

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မင့်လိုလူ ကမ္ဘာမှာ ရှိမယ်မထင်ဘူး။ ဆေးတစ်ခါ ကုရုံနဲ့ နာမည်ကြီးတာလည်း မင်းတစ်ယောက်တည်းပဲ တွေ့ဖူးတယ်"

* * *

ရန်ကုန်မြို့ ဘုရားလမ်းဝင်းခြံတစ်ခုအတွင်းရှိ တိုက်ကြီးပေါ်၌ အသက် ၇၀ ကျော်ခန့် အဘိုးကြီးသည် ၁၀ နှစ်အရွယ် မိန်းကလေးတစ်ယောက်အား အတင်းလိုက်ဖမ်းနေရာ ကလေးမကလေးမှာ စားပွဲ၊ ဘီရို၊ ဆိုဖာ စသည်တို့ကို ကွေ့ကောက်လှည့်ပတ် ပြေးနေသဖြင့် မမိနိုင်ဘဲ ဆိုဖာတစ်ခုပေါ်တွင် ထိုင်ချကာ ဟောဟဲ၊ ဟောဟဲနှင့် မော၍နေလေသည်။ အမောအနည်းငယ်ပြေလျှင်–

"ဟဲ့ ခင်မိမိနဲ့ ခင်မမ လာကြစမ်း။ ဒါဟာ နင်တို့ သင်ပေးတာပဲ"

အသက် ၃၀ နှစ်ခန့်နှင့် ၃၀ ခန့် မိန်းမနှစ်ယောက်လည်း ပြုံး၍ထွက်လာကြကာ...

"မဟုတ်ပါဘူး ဘိုးဘိုးရဲ့။ ဘွားဘွားသင်ပေးတာ ဖြစ်မှာပေါ့"

"တယ် မလောက်လေး မလောက်စားနဲ့ နင်တို့ သတိထားကြ"

အဘိုးကြီးကား မောင်မောင်ဘ၏ ဖခင် ဦးပိန်ဖြစ်၏။ တိုက်ကျယ်ကြီးတွင် အိမ်ထောင်စုံ အားလုံး သားမြေးမြစ်ပါ တပျော်တပါးကြီး နေထိုင်လျက်ရှိကြ၏။ အဘိုးကြီးမှာ ဒူလာ မြင်းသရိုက်ရောဂါ စွဲကပ်နေသဖြင့် ခါးဝတ်ပုဆိုးတွင် သွေးများလိမ်းကပ် ပေကျံနေသဖြင့် မြေးများကရော မြစ်မကလေးကပါ "ဘိုးဘိုး မီးယပ်အမြဲလာနေတာပဲ တော်တော်ကြာ ကိုယ်ဝန်ရှိတော့မယ်" ဟု လှောင်ပြောင်လှော့ရှိကြသဖြင့် အဘိုးကြီး အမြဲဒေါပွနေရလေသည်။

ထိုအခိုက် မော်တော်ကားတစ်စီး ဆင်ဝင်အောက်သို့ ထိုး၍ရပ်ပြီးနောက် အသက် ၂၂ နှစ်ခန့် ဥရောပအဝတ်အစားနှင့် လူရွယ်တစ်ယောက် ဆင်းလိုက်၏။ အသက် ၅၂ နှစ်ခန့် လူကြီးတစ်ယောက်သည် မျက်မှောင်ကြုတ်ကာ ကြည့်နေရာမှ–

"ဟင် လူလေး မောင်သက်ရှေမဟုတ်လား" ဟု ခြေလှမ်းကျဲကြီးနှင့် ထွက်လာကာ သားအားပွေ့ဖက်လေတော့သည်။

"ခင်မိမိ ခင်မမ၊ မောင်သက်ရှေ ပြန်လာပဟေ့" ဟုလည်း လှမ်းအော်ပြောရာ အိမ်သားအားလုံးလို ပြေးဆင်းလာကြသည်။ ခင်မိမိက

"ဟင် မောင်လေး အရပ်က ထွားကျိုင်းလာလိုက်တာ ဖေဖေ့ကို မီနေပြီ"

အခိုင်းအစေများလည်း ကားပေါ်က ပစ္စည်းများချကာ အတွင်းသို့ သယ်ယူနေကြသည်။ သားအမိ၊ သားအဖတစ်စုလည်း အိမ်ပေါ်သို့ တက်လာကြကာ ဝိုင်းထိုင်ကြပြီးလျှင် မောင်သက်ရှေ ပညာသင်ကြားပုံကို မေးမြန်းနေကြရာ မောင်သက်ရှေကလည်း နောက်ကြောင်းပြန်ပြောနေ၏။

မောင်သက်ရှေသည် စကားဆုံးလျှင် ကွတ်အင်္ကျီအတွင်းအိတ်ကို လက်လျှိုနှိုက်ကာ စာအိတ်ရှည်တစ်ခုကို ဆွဲထုတ်လိုက်၏။ စာအိတ်ရှည်ထဲမှတစ်ဖန် ရာတန်စက္ကူများကို တစ်ပိုင်းတစပေါ်အောင် ထုတ်ပြပြီးလျှင် မောင်မောင်ဘ၏အနီး စားပွဲပေါ် တင်လိုက်၏။ သူကိုယ်တိုင် ဆိုဖာပေါ်မှဆင်းကာ ကန်တော့ရင်း–

"ဒါဟာ ကျွန်တော် ပထမဆေးကုခရတဲ့ ငွေ ငါးထောင်ပဲဖေဖေ။ မွေးကျေးဖူး ဆပ်ပါရစေ"

"သာဓု... သာဓု... သာဓုဗျာ မလိုပါဘူးသားရယ်။ ဖေဖေတို့ မွဲသမို့လား။ မင်း အစိုးရဘက် လုပ်မလား၊ ဆေးဆိုင်ဖွင့်မလား"

"ကျွန်တော် ဆေးဆိုင်ဖွင့်မယ်ဖေဖေ။ လွတ်လွတ်လပ်လပ် ဆေးကုစားမယ်"

"အေး ဒါဖြင့် ဒီငွေနဲ့ အရင်းတည်ပေါ့။ လိုသေးရင် ဖေဖေ့ပြော။ လိုသမျှ ဖေဖေ အရင်းစိုက်ပေးမယ်"

"ဟေး မောင်သက်ရှေ ဒါတွေ အသာထားဦး။ ဘိုးဘိုးရောဂါ အရင်ကုပေးကွယ်"

အဘိုးကြီးသည် အောင့်၍မနေနိုင်ဘဲ ကြားဖြတ် ဝင်ပြောရှာသည်။

"ဘာရောဂါလဲ ဘိုးဘိုးရဲ့"

"မီးယပ်ရောဂါ"

ခင်မိမိက ထောက်၍ပြောလိုက်ရာ အဘိုးကြီးသည် ခင်မိမိကို ကုန်းလှမ်း၍ ရိုက်လိုက်၏။ ခင်မိမိက နောက်သို့ ကိုယ်ကို ဆုတ်လိုက်သဖြင့် လေကိုသာ ရိုက်မိနေရာ...

"နင်တော့ သတိထား။ ငါ့မြေးကုလို့ ပျောက်မှ သိ

www.burmeseclassic.com

www.burmeseclassic.com



စေမယ်။ အလကားကောင်မတွေ၊ သွေးမြင်းသရိုက် ဖြစ်နေတယ် မြေးရဲ့။ ဒါကို ဒင်းတို့က မီးယပ်သည် ရာသီလာနေတယ်နဲ့ လှောင်နေကြတာပဲ"

"ဩော်... ဒါကြောင့်ကိုး။ ဘိုးဘိုးထိုင်တဲ့ ဆိုဖာပေါ်မှာ ရာဘာအဝတ် အုပ်ခင်းထားတာကိုး။ ဘိုးဘိုး ခဏကလေး မတ်တတ်"

အဘိုးကြီးသည် မတ်တတ်ရပ်ပေးလိုက်ရာ မောင်သက်ရှေသည် ရာဘာအဝတ်တွင် စွဲကပ်နေသော သွေးစများကို လက်နှင့်တို့ကာ မရွံမရှာ နမ်းကြည့်ပြီးလျှင် ဦးခေါင်းတစ်ချက် ဆတ်လိုက်ကာ...

"ချက်ချင်း ပျောက်စေမယ်ဘိုးဘိုး။ ဆေးတွေလည်း အများကြီး စုဆောင်းလာတာပဲ" ဟု သူ့ပစ္စည်း ရှိရာသို့ ထသွားကာ ပရုပ်ဆီဘူးပမာ ဖန်ဘူးငယ်တစ်ခု ယူလာ၏။ တစ်ဖန် ဖန်ဘူးကိုဖွင့်ကာ ဖယောင်းချက်လိုလိုဆေးကို လက်သည်းခွံပေါ် အနည်းငယ်တင်လိုက်ပြီးလျှင်

"ကဲ... ဘိုးဘိုး အခန်းထဲသွားကြစို့"

မြေးအဘိုးနှစ်ယောက် အခန်းထဲသို့ သွားကြသည်။ ၅ မိနစ်အတွင်းမှာပင် ပြန်၍ထွက်လာရာ အဘိုးကြီးမှာ ခါးဝတ်အသစ်တစ်ခု လဲလျက် ပြုံးပြုံးပြုံးပြုံးနှင့် ဖြစ်၍နေသည်။

"တယ်စွမ်းကိုးကွ။ လက်သည်းခွံတင်ထားတဲ့ ဆေးလိမ်းရုံနဲ့ တစ်ခါတည်း သွေးထွက်ရပ်ပြီး ပျောက်သွားတာပဲ။ ဟိုဆရာဖြင့် ဒင့်မေကလိန်း တစ်ပုလင်းကုန်ရုံနဲ့ ပျောက်မတဲ့။ တစ်ထောင်လောက်ရှိတဲ့ ပုလင်းကုန်လို့လည်း မပျောက်ဘူး"

အဘိုးကြီးသည် ထိုသို့ပြောရင်း မီးခံသေတ္တာကြီးရှိရာသို့ သွားပြီးလျှင် မီးခံသေတ္တာထဲမှ ခင်မိမိ၊ ခင်မမ၊ မောင်မောင်ဘဇနီး စသည်ဖြင့် အားလုံးဝတ်ဆင်ကြသော စိန်ရွှေများကို ယူလာကာ စားပွဲပေါ်တင်ပြီးလျှင်

"ကဲ... ကမြင်းမတွေမှတ် ဒါ ဆေးကုခ ငါ့မြေး အကုန်ယူ"

မောင်သက်ရှေသည် အဘိုးကြီးအား ပြုံးမော့ကြည့်ကာ–

"နေပါစေ ဘိုးဘိုးရယ်။ ကျွန်တော့်အစ်မတွေ၊ တူမတွေရော၊ အမေ့ပစ္စည်းတွေကိုရော မယူရက်ပါဘူး။ ရှေ့ရှေ့ မကြီး ပြန်ထားချည်" ဟု စိန်ရွှေထည့်သော နံ့သာသေတ္တာငယ်ကို ခင်မိမိအား လှမ်း၍ပေးလိုက်လေသည်။ အဘိုးကြီးလည်း သူထိုင်နေကျ ဆိုဖာပေါ်ရှိ ရာဘာအဝတ်ကို ဆွဲယူပစ်လိုက်ပြီးလျှင် စိတ်မလုံသဖြင့် သူ့ဖင်လှည့်ကြည့်ကာ သွေးမမြင်မှ ထိုင်ချလိုက်ရာ အားလုံးပြုံး၍နေကြ၏။

"ဟိုမှာ ဆေးတွေ အတော်စုံတယ် ထင်တယ်"

"ဟိန္ဒူဆေးပညာအသင်းကြီးက ဆေးဥယျာဉ်စိုက်ပျိုးထားတော့ သစ်ဥသစ်မြစ်သစ်ရွက် လိုလေသေးမရှိဘူး ဘိုးဘိုးရဲ့။ ဆေးပညာလိုက်စားတဲ့သူတွေဟာ ကိုယ်တိုင် ဘာမြစ်၊ ဘာရွက်၊ ဘာဥလို့ လက်တွေ့ နားလည်ရတယ်"

"အေး တယ်ဟုတ်ကိုးကွဲ့။ တို့ဆီက ဆရာတွေတော့ ဘယဆေးသည်ပေးတာပဲ သုံးနေကြတယ်။ တလောက မှတ်မိသေးတယ်။ အညီဆိုတဲ့ ဘယဆေးသည် မိန်းမတစ်ယောက် မကျန်းမမာဖြစ်နေတာ ဆရာ ၃–၄ ဦး လဲပြီးကုလည်း မပျောက်ဘူး။ ဒါနဲ့ သမီးကြီးက အမေရယ် ဆရာဖြူဟာ နာမည်ကြီးသယောင်ပဲ။ သူ့ပင့်ပြီး ကုပါလားဆိုတော့ အထင်မကြီးနဲ့သမီး၊ ဆရာဖြူလည်း မေမေ ရောင်းတဲ့ ဘယဆေးနဲ့ ဆေးကုစားနေတာပဲ လို့ ပြောသတဲ့"

အချိန်မှာ နေ့ခင်း ၁၂ နာရီခန့်ဖြစ်ရာ အောက်ထပ် လက်ဖက်ရည်ခန်းတွင် စားဖို့မှူးများ လက်ဖက်ရည်၊ ဘီစကွတ်မုန့်များ အသင့်ပြင်နေကြသည်။ တစ်ဒါဇင်ကျော်သော အိမ်သားတစ်စုတို့သည် အောက်ထပ်သို့ ဆင်းကြကာ ထိုင်၍သောက်ကြရင်း အစ်မနှစ်ယောက်က သူတို့သားသမီးများ နာမည်နှင့်တကွ မောင်သက်ရှေနှင့် မိတ်ဆက်ပေးကြသည်။

"ဟော့ မောင်သက်ရှေ မင့်အဆက်ဆီ သွား နှုတ်မဆက်ဘူးလား"

ခင်မမသည် သူ့မောင်အား ပြုံး၍ကြည့်ကာ ပြောလိုက်ခြင်းဖြစ်၏။

"အံမာဗျာ ... ခုလောက်ရှိရင် ကျွန်တော်ရောက်တာ သိရောပေါ့။ သိရင် သူလာမှာပေါ့"

"ဟဲ့ ဟိုတုန်းကလို ကလေးမှတ်နေသလား။ အသက် ၁၈ နှစ် အပျိုကြီးဖားဖား ဖြစ်နေပြီ။ သူလာရဲပါ့မလား။ မိန်းမချောကွဲ့"

မောင်သက်ရှေသည် နေရာမှထကာ တိုက်အပေါ်

www.burmeseclassic.com

www.burmeseclassic.com



ထပ်သို့ တက်ခဲ့၏။ သူ့တွင် မြန်မာအဝတ်အစားမရှိသဖြင့် ဖခင်ကြီး၏ အဝတ်ဗီရိုနားတွင်ကပ်ကာ ပိုးလုံချည်မျိုးစုံ အထည် ၃၀ ကျော်၊ ပိုးပုဆိုးမျိုးစုံ ၁၀ ထည်ထက်မနည်း ခေါက်စီထားသည့်အထဲက ရေန်ရောင် ဗန်ကောက်လုံချည် တစ်ထည်နှင့် အထည် ၂၀ ထက်မနည်းသော အင်္ကျီမျိုးစုံ ထဲက မီးခိုးရောင် သက္ကလပ်အင်္ကျီတစ်ထည် ထုတ်ယူကာ ခါးက ဘောင်းဘီနှင့်လဲ၍ ဝတ်ဆင်နေ၏။

မကြာခင်ပင် ရေန်ရောင် ဗန်ကောက်လုံချည်၊ မီးခိုးရောင် သက္ကလပ်အင်္ကျီ၊ ရှူးဖိနပ်အနက် ဝတ်ဆင်ထားသော အသက် ၂၂ နှစ်ခန့် နှပျို့ထွားကျိုင်းသော လုလင် တစ်ယောက်သည် ဝင်းခြံတစ်ခုအတွင်းရှိ တိုက်ဆင်ဝင် အောက်သို့ ရောက်ရှိနေရာ အသက် ၁၄ နှစ်ခန့် ကလေးမ တစ်ယောက်က "ဘာကိစ္စလဲ" ဟု မေးသဖြင့် "နွယ်နွယ် နဲ့ တွေ့ချင်လို့" ဟု ပြောလိုက်ရာ ကလေးမကလေး တိုက် ခန်းထဲသို့ ဝင်သွားသည်။ ချက်ချင်းလိုပင် အသက် ၁၈ နှစ်ခန့် မန္တလေးကျစ်ပိုးအဝါရောင် မထူမပါး ပဒုမ္မာရင်ဖုံး အင်္ကျီ ဆံပင်နောက်တွဲထုံးနှင့် မိန်းမပျို့တစ်ယောက် ထွက် ၍လာ၏။

၆ နှစ်တာမျှ ခွဲခွာနေရသော်လည်း နှစ်ယောက်စလုံး ငယ်ရုပ်မပျောက်သဖြင့် ကောင်းစွာမှတ်မိကြသည်။ နှစ်ဦး စလုံး ရင်ဖိုနေကြသည်။

"နွယ်နွယ် ထွားလာလိုက်တာကွယ်"

"ကိုကိုသက်ကော မျက်နှာမှတ်မိလို့သာ။ ဦးလေးဘ လောက် ထွားနေတာပဲ"

နှစ်ဦးသား ဧည့်ခန်းဆိုဖာတွင် ထိုင်မိကြသည်။ ၎င်း တို့မှာ သမီးရည်းစားလည်းမဟုတ်သဖြင့် လွမ်းဆွေးစကား ပြောစရာမရှိ။ နွယ်နွယ် ဘီအေဂျူနီယာမှာ သင်နေရပုံ၊ မောင်သက်ရှေ ကာလကတ္တား နေရပုံများကိုသာ တစ် လှည့်စီ ပြောနေကြရာမှ စကားမပြောဘဲ အတန်ကြာ တိတ်ဆိတ်နေကြသည်။ ခဏကြာမှ မောင်သက်ရှေက

"နွယ်နွယ်နဲ့ ကိုကိုသက် ခွဲခွာခါနီး ပန်းခြံခုံတန်းပေါ် မှာ နေခဲ့ကြတာ မှတ်မိသေးလား"

ခင်နန်းနွယ် မည်သို့မျှမပြော ရက်သွေးလျှမ်းကာ ရီဝေသော မျက်လုံးအစုံဖြင့် မောင်သက်ရှေအား ကြည့်ရှု နေ၏။

"ကိုကိုသက် မေးမိတာ စိတ်ဆိုးသွားသလား"

"မဆိုးပါဘူး"

"ကိုကိုသက် ပညာတော့ စုံပြီ။ ဘာလိုသေးသလဲ"

နွယ်နွယ် ဘာမျှမပြော။ ငေးကြည့်နေသည်။ နွယ် နွယ် ငယ်ငယ်က သွက်သလောက် နှုတ်လေးလှသည်ဟု မောင်သက်ရှေ မှတ်ထင်နေသည်။ သူသည် ဖွင့်ဟမေးချင် ပြောချင်လှသည်။ ကလေးဘဝက အချစ်သည် လူကြီးဘဝ အချစ်အထိ ကူးစက်နိုင်ပါ့မလား။ မောင်သက်ရှေ တွေး၍ မရ။ ထိုအခိုက် အသက် ၅၀ ခန့် မိန်းမကြီးတစ်ယောက် ထွက်လာကာ–

"ဟဲ့ နွယ်နွယ် ဒါဘယ်သူလဲ"

"ကိုကိုသက်ရှေလေ မေမေရဲ့"

"ဟယ်... ထွားလိုက်တာ မှတ်တောင်မမိဘူး။ ဟို တုန်းကတော့ ဘောင်းဘီတိုနဲ့ မရမ်းပင်တက်တာ မြင်မိ သေးတယ်"

အမယ်ကြီး ဝင်ရောက်ထိုင်ကာ တောင်မေးမြောက် မေး လုပ်နေသဖြင့် အခြားစကားမပြောရဘဲ အချိန်အတန် ကြာမှ မောင်သက်ရှေ ပြန်ခဲ့ရသည်။

* * *

ယခုအခါ၌ ဒေါက်တာသက်ရှေသည် ပန်းဆိုးတန်း တွင် ဆေးဆိုင်ကြီးတစ်ဆိုင်ဖွင့်ကာ လူနာများအား လက်ခံ ကုသခြင်း၊ ပင့်ခေါ်က လိုက်လံကုသခြင်းဖြင့် အလုပ် လက်မလည်အောင် ဖြစ်၍နေသည်။ လက်ထောက် ဆရာဝန်နှစ်ယောက် တိုး၍ထားရသည်။ နာမည်လည်း ကျော်ကြားနေရာ တစ်နေ့တွင် လူနာတစ်ဦးဆီမှ ကား လွှတ်၍ အပင့်ခိုင်းသဖြင့် လိုက်ပါသွားရသည်။

အိမ်ဝင်းခြံ အခြေအနေကို ကြည့်ခြင်းအားဖြင့် အ တော်ချမ်းသာသူများဟု ဒေါက်တာသက်ရှေ အကဲခတ်မိ ၏။ ၎င်း၏သဘောမှာ ဆင်းရဲသူများအား အခမဲ့ကုသပေး ၍ ချမ်းသာသူများထံမှ နင့်နေအောင် ဆေးဖိုးဝါးခ တောင်းလေ့ရှိ၏။

လူနာမှာ အသက် ၄၀ ခန့်ရှိ၍ ခုတင်ပေါ်တွင် တဟီးဟီးနှင့် ညည်းတွားနေသည်။ လူနာကပင်...

"ဩော်... ဆရာက ငယ်ငယ်ရှိပါသေးလား၊ အိမ် သားတွေကြောင့်သာ ခေါ်ရတာ ကျုပ်တော့ သေဖို့ ပြင်နေ တာပဲ။ ဒေါက်တာလည်း သိမှာပေါ့။ ဒေါက်တာဆင်းကို လေ။ သူက ၇ ရက်ခံမတဲ့။ ဒေါက်တာအောင်ဝင်းကလည်း

www.burmeseclassic.com

www.burmeseclassic.com



၅ ရက်ပဲ ခံမတဲ့။ သူတို့လက်လျှော့သွားကြတယ်"

"ဒီလိုဖြစ်တာ ဘယ်လောက်ကြာပလဲ"

"၇ နှစ်လောက်ရှိပြီ"

"ဒါဖြင့် ဦး ၃ လ အိပ်နိုင်ပါ့မလား"

"၅ ရက်နဲ့ သေမယ့်လူတစ်ယောက် ၃ လတောင် နေရမှာ အိပ်နိုင်ပါတယ်"

"ဆေးကုခကော ပျောက်ရင် ဘယ်လောက်ပေးမလဲ"

"ကျုပ်ပစ္စည်းမှန်သမျှ အကုန်ပေးပါ့မယ်"

ဒေါက်တာသက်ရှေသည် လူနာအား ခုတင်ပေါ်တွင် အိပ်စေပြီးလျှင် မေ့ဆေးတင်လိုက်၏။ တစ်ဖန် ဓားငယ်ဖြင့် ဦးရေခွံကို ကျင်လည်စွာ ခွဲနေသည်။ အိမ်သားများလည်း စိုးရိမ်ကြီးစွာနှင့် ကြည့်ရှုနေကြ၏။ ဒေါက်တာသည် ဦးရေခွဲပြီးလျှင် ဦးနှောက်ထဲ ကြည့်ရှုရာ ပင့်ကူကောင်လောက် ပိုးကောင်နှစ်ကောင် တွေ့ရသဖြင့် ကြည့်ရှုနေသော အိမ်သားများအား...

"ဟောဒီပိုးအငယ် ဆက်စားနေရင် ၇ ရက်နဲ့ သေမယ်။ ဒီပိုးအကြီး ဆက်စားနေရင် ငါးရက်နဲ့သေမှာ အမှန်ပဲ။ ဒါကြောင့် ဟိုဒေါက်တာနှစ်ယောက်စလုံး လူတော်တွေလို့ ချီးကျူးရမှာပဲ"

ဒေါက်တာသက်ရှေသည် ဦးနှောက်စား ပိုးနှစ်ကောင်ကို ဖယ်ထုတ်လိုက်ပြီးလျှင် ဦးရေကို ပြန်စေ့ချုပ်လိုက်၏။ တစ်ဖန်မေ့ဆေးပြေအောင်လုပ်လိုက်သောအခါ လူနာမှာ ရှင်ရှင်ပျပျ ဖြစ်လာသည်။

"ဘယ့်နှယ်နေသေးသလဲ"

"စပ်ရှိန်းရှိန်းနေပေမဲ့ အလွန်အခံရခက်တာ ပျောက်သွားတော့ ဒီလောက်နာတာ မမှုလောက်ပါဘူး"

"ခင်ဗျားကို ခံနိုင်ရည်ရှိအောင် ပိုပိုမိုမိုပြောတာ။ ရက်သတ္တသုံးပတ်ကျရင် အရှင်းပျောက်ပါလိမ့်မယ်"

"ကျေးဇူးပါပဲဒေါက်တာ။ ဒေါက်တာရဲ့ အသက်ရှိပါတော့တယ်။ ဟော့... မောင်မောင် ချက်စာအုပ်ယူခဲ့ကွာ"

လူနာသည် ဒေါက်တာသက်ရှေအား တစ်သောင်းတန် ချက်လက်မှတ်တစ်ခု ရေး၍ပေးလိုက်၏။ ဒေါက်တာသက်ရှေမှာ အသွားအပြန်ပါ သုံးနာရီအတွင်း ငွေတစ်သောင်း ရခဲ့လေသည်။

အလုပ်တိုက်သို့ရောက်လျှင်ပင် အနားမနေရသေး။ အရေးကြီးသော လူနာတစ်ယောက် ရောက်နေ၏။ လူနာမှာ အသက် ၂၀ ခန့်ရှိ၍ အဖြစ်အပျက်ကို မေးကြည့်သောအခါ စားသမျှအစာ အန်ထွက်ကာ ကျင်ကြီးကျင်ငယ်မဖြောင့်၊ သွေးသားဆုတ်ယုတ်နေသည်။ တစ်ဖန် ထိုရောဂါမရခင်က အဖြစ်အပျက်မေးသောအခါ ကျွမ်းပစ်ကစားလေ့ရှိကြောင်း ပြောပြမှ ရောဂါအခြေအနေကို ရိပ်မိလေသည်။

လူနာအား ဆေးကုခန်းထဲသို့ လက်တွန်းလှည်းဖြင့် ခေါ်ယူစေခဲ့ကာ ခုတင်ပေါ်တွင် အသာအယာတင်လိုက်၏။ တစ်ဖန်မေ့ဆေးပေးပြီးလျှင် ဝမ်းကိုခွဲ၍ကြည့်ရာ ဒေါက်တာ တွေးထင်သည့်အတိုင်း အူထုံးနေသည်ကို တွေ့ရ၏။ မိဘအားခေါ်၍ အူထုံးနေသည်ကိုပြကာ–

"ဒီအူထုံးမပြေရင် ခင်ဗျားတို့သား သေမှာအမှန်ပဲ"

"လုပ်ပါဦးဆရာရယ်၊ ကျေးဇူးတင်လိုက်တာ"

ဒေါက်တာသက်ရှေသည် အူထုံးကိုဖြေ၍ နေသားတကျ ထားပြီးလျှင် ဝမ်းရေကို ကြောင်အူနှင့် စေ့စပ်အောင် ချုပ်လိုက်၏။ မေ့ဆေးပြေလိုက်သောအခါ လူနာ၏ မျက်နှာမှာ သိသိသာသာ ရွှင်ပျလာလေသည်။

ဒေါက်တာသက်ရှေသည် ထိုကဲ့သို့ ခဲရာခဲဆစ်တွေကို ပျောက်ကင်းအောင် ကုသနိုင်သဖြင့် နာမည်ကြီးသည်ထက်ကြီး၍နေတော့သည်။ တစ်ကြိမ်၌မူကား ဒေါက်တာကိုယ်တိုင် အသက်ဘေးမှ သီသီကလေး လွတ်ခဲ့ရလေသည်။

သိန္နီစော်ဘွားကြီးမှာ မစားနိုင်၊ မသောက်နိုင် ဖျော့တော့သော ရောဂါဖြစ်နေရာ နာမည်ကြီးဆရာဝန်မျိုးစုံနှင့် ကုသသော်လည်း မသက်သာသဖြင့် ဒေါက်တာသက်ရှေအား ပင့်ခေါ်၍ ကုသ၏။ ဒေါက်တာသက်ရှေသည် ရောဂါအခြေအနေ အကဲခတ်ပြီးနောက်...

"ဘိန်းနဲ့ ဒိုပြင်ဆေးနဲ့ စုပေါင်းကုသရလိမ့်မယ်"

"ဟာ... ဒေါက်တာ ဘိန်းတော့ ဘယ်နည်းမှ မပါပါစေနဲ့။ ကျုပ်ယစ်မျိုးငါးပါး ရှောင်ကြဉ်ဖို့ ဘုရားမှာ သစ္စာပြုထားပါတယ်။ ဒိုပြင်နည်းနဲ့ ကုပါဆရာ"

ဒေါက်တာ အကြံရကျပ်သွားသည်။ ရောဂါမှာ ဘိန်းမပါလျှင် မဖြစ်ချေ။ စော်ဘွားကြီးမှာလည်း ဓားပိုင်အာဏာပိုင်ဖြစ်သဖြင့် အကယ်၍ ဘိန်းပါက သူ့နယ်ထဲတွင် အသက်မခံရဟု မဆိုနိုင်။ သို့အတွက် ဘိန်းနံ့ပျောက်

www.burmeseclassic.com

www.burmeseclassic.com



အောင် ဆေးချက်ရင်း စော်ဘွားကြီး၏ မော်တော်ကားနှင့် ဟော်တံခါးကို ဆေးမြစ်ရှာဖွေရန်အတွက် အခါမရွေး ဝင်ထွက်နိုင်ရန် ခွင့်တောင်းထားရသည်။

တစ်နံနက်တွင် စော်ဘွားကြီးအား ဆေးတိုက်သည်။ အစာကြေ၍ လေပျို့လျှင်ကား ဘိန်းနံ့ပေါ်မည် မလွဲဖြစ်သဖြင့် ဒေါက်တာသက်ရှေသည် ဆေးမြစ်ရှာဟု အကြောင်းပြကာ စော်ဘွားကြီး၏ကားကို ကိုယ်တိုင်မောင်းကာ လစ်လေတော့သည်။ ၎င်း၏စိတ်၌ စော်ဘွားကြီး လေယာဉ်ပျံနှင့် လိုက်နိုင်မည်မဟုတ်ဟုသာ တွေးမိရာ သီပေါအရောက်တွင် ရှမ်းပုလိပ်သုံးယောက် သေနတ်ကိုယ်စီနှင့် တားထားမှ တယ်လီဖုန်းနှင့်အကြောင်းကြားနိုင်ကြောင်း ရိပ်မိလေတော့သည်။

"ဒေါက်တာသက်ရှေ မဟုတ်လား"

ရှမ်းပုလိပ်တစ်ယောက် မြန်မာလို ဆီး၍မေးသည်။ သေနတ်ပါသော်လည်း ချိန်ရွယ်ခြင်းမရှိ၊ ရိုးရိုးလက်ပြကာ ကားရပ်စေပြီးလျှင် မေးမြန်းခြင်းဖြစ်ရာ ဒေါက်တာသက်ရှေ လှည့်စား၍ ရမည်မဟုတ်...

"ဟုတ်ပါတယ်"

"သိန္နီကို ပြန်ခေါ်ခဲ့ရမယ်လို့ အမိန့်လာပါတယ်"

ဒေါက်တာသက်ရှေ မတတ်နိုင်တော့ပြီ။ ကားလှည့်ကာ သိန္နီဘက်သို့ ပြန်တက်ရပြန်သည်။ ကားတစ်မိုင်ခန့်မောင်းမိသောအခါ ကားရပ်သွားသဖြင့် ရှမ်းပုလိပ်သုံးယောက်အား ဆင်း၍တွန်းစေ၏။ ဒေါက်တာလည်း စက်ဖုံးဖွင့်လိုက်၊ ဟိုကိုင်လိုက်နှင့် အလုပ်ရှုပ်နေသည်။ ခဏကြာလျှင် ကားစက်နိုးရလာသည်။ ဒေါက်တာသည် ရေဘူးကိုဖွင့်ကာ ရေသောက်ပြီးလျှင် ရှမ်းပုလိပ်များအား ရေဘူးလှမ်းပေး၏။ တစ်ယောက်က

"ဟော့ အရမ်းမသောက်နဲ့၊ သူကျွေးတာ မစားရဘူးတဲ့"

"အိုကွာ ရေပဲဟာ သူတောင်သောက်သေးတာ။ သူသေရင် တို့လည်းသေပေါ့။ ဒီလောက် ကြောက်မနေစမ်းပါနဲ့"

ရှမ်းဘာသာဖြင့် အထက်ပါအတိုင်းပြောကြပြီးလျှင် တစ်ယောက်တစ်လှည့် ရေသောက်ကြသည်။ ကားတစ်မိုင်ခန့် သွားမိလျှင် နောက်မှ...

"ဆရာ ကားရပ်ပါဦး၊ ချီးပါချင်တယ်၊ ချီးပါချင်တယ်"

ဒေါက်တာ ကားကိုရပ်၍လှည့်ကြည့်သောအခါ ရှမ်းသုံးယောက်စလုံး ဗိုက်ကိုနှိပ်ကာ ရှုံ့မဲ့နေကြသည်။ ကားပေါ်ကဆင်း၍ လမ်းဘေးချုံကွယ်သို့ မရောက်ခင်ပင် ၎င်းတို့ ဘောင်းဘီထဲ၌ ပါချကြလေသည်။ ဒေါက်တာသက်ရှေကား လက်သည်းခွံထဲတွင် ဆေးမှုံ့ထည့်ကာ ရေနှင့်အမှတ်မဲ့ရောစပ်လိုက်သည်ကို ရှမ်းများအညာမိနေသဖြင့် ပြုံးကြည့်နေသည်။ ရှမ်းများမှာ ဝမ်းတဗျစ်ဗျစ်သွားနေကြဆဲ တစ်ယောက်က ရှုံ့မဲ့ကာ...

"ဆရာ ငါတို့ သေမှာလား လုပ်ပါဦး"

ဒေါက်တာသည် ကားပေါ်က သေနတ်သုံးလက်ကို ရှမ်းများမြင်သာသောနေရာတွင် ချထား၍ ရှမ်းများအား ဆေးမှုန့်အနည်းငယ်စီပေးပြီးလျှင်

"ခင်ဗျား အဲဒါလျက်လိုက်၊ တစ်နာရီအတွင်း ဝမ်းရပ်လိမ့်မယ်။ ကျုပ်လိုက်ရင် စော်ဘွားက သတ်ပစ်မှာ" ဟု ပြောကာ ကားကိုလှည့်ပြီးလျှင် သီပေါဆီသို့ သုတ်ခြေတင်လာ၏။ သီပေါမှတစ်ဖန် မေမြို့ဖြတ်၍ မန္တလေးအရောက်လာခဲ့လေသည်။

မန္တလေးမှတစ်ဖန် မီးရထားဖြင့် ပြန်ခဲ့ရလေသည်။ သူ၏ဆရာဝန်များအား အကျိုးအကြောင်း ပြောပြသောအခါ အားလုံးရယ်မောနေကြလေသည်။

၇ ရက်ခန့်ကြာသောအခါ ဒေါက်တာသက်ရှေ၏ အလုပ်တိုက်သို့ ပိုးဘောင်းဘီအဖြူပွ၊ ပိုးခေါင်းပေါင်း၊ ပိုးအင်္ကျီလက်ကြပ်နှင့် အသက် ၄၀ ခန့် လူကြီးတစ်ယောက်၊ ဘောင်းဘီနက်ဝတ်ထားသော လူရွယ်နှစ်ယောက် အထုပ်ကြီးတစ်ခုနှင့် ဝင်ရောက်လာကြ၏။

"ဟင်... အမတ်ကြီးပါလား။ ဘယ့်နှယ် တော်ဘုရား စိတ်ဆိုးပြေပလား"

"ပြေလို့ လာရတာပေါ့ဆရာ။ အစကများ ဓားကြိမ်းကြိမ်းနေတာပဲ။ အခုတော့ ဒါတွေ ဆရာ့ကို အကန်တော့ခိုင်းလိုက်ပါတယ်"

ပစ္စည်းများမှာ အလွန်ကောင်းသော သားမွေးဝတ်လုံ၊ ရှမ်းမင်းညီမင်းသားများသာ ပေါင်းလေ့ရှိသော ရွှေကြင်ခပ်ပုဝါ နှစ်ပိုင်း၊ ဆင်စွယ်ရိုးတပ် ငွေနှောင့်ကွပ်ဓားမြှောင်၊ စပါးကြီးသည်းခြေ၊ ကြံ့သွေးအကျော်စသော ဆေးဘက်ဝင်သည့် ပစ္စည်းများနှင့် ငွေသားငါးထောင်ပါ

www.burmeseclassic.com

www.burmeseclassic.com



ရရှိလိုက်လေသည်။

* * *

ဒေါက်တာသက်ရှေကား နေ့ညမအား လူနာများအား ကုသနေရသဖြင့် နွယ်နွယ်နှင့် တွေ့ချိန်မရချေ။ ဦးမောင်မောင်ဘက "အနားယူပါဦး" ဟု အတန်တန် တိုက်တွန်းတော့မှ ၇ ရက် အနားယူကာ လက်ထောက်ဆရာဝန်များကို လွှဲအပ်ထားလေသည်။

နေ့ခင်း ၁၁ နာရီခန့် အပေါ်ထပ်မြောက်ဘက် ပြူတင်းပေါက်တွင်ရပ်ကာ ဒေါက်တာသည် သူငယ်ငယ်က ကစားခဲ့သော မြောက်ဘက်က ခြံကြီးကို လှမ်းကြည့်နေသည်။ ကလေးဘဝက လက်ပွန်းတတီးနေခဲ့သော ချစ်သူအား ဘယ်အခါမျှ သူမမေ့။ မရမ်းသီး ဆွတ်ပေးရပုံ၊ ပန်းခူးပေးရပုံ၊ ပြေးတမ်းလိုက်တမ်း ကစားပုံ၊ လုံချည်တုပ်လဲသဖြင့် ပွေ့ထူပေးရပုံများ တစ်ခုပြီးတစ်ခု ပေါ်ပေါက်နေသည်။

ထိုအခိုက် မြောက်ဘက်တိုက်မှ အရိပ်တစ်ခု ပေါ်လာပြန်သည်။ ဒေါက်တာသည် မဟောသဓာလုပ်ကာ လက်တစ်ချောင်းတစ်ခါ၊ လက်နှစ်ချောင်းတစ်ခါ ထောင်ပြရာ တစ်ဘက်မှ လက်တစ်ချောင်း ထောင်ပြသဖြင့် အားရဝမ်းသာဖြစ်သွားပြီးလျှင် ရှပ်လက်တို၊ မန္တလေးပိုးလုံချည်နှင့်ပင် မြောက်ဘက်တိုက်သို့ ကူး၍သွားလေသည်။

ဒေါက်တာသက်ရှေ တိုက်အောက်ထပ်သို့ ရောက်သောအခါ ဧည့်ခန်းတွင် လူတစ်ယောက်မှမရှိ။ အိမ်နောက်ပိုင်းတွင် အခိုင်းအစေများသာ ရှိသည်။ အရဲစွန့်ကာ တိုက်အပေါ်ထပ်သို့ တက်သွားရာ အောက်သို့ ဆင်းလာရန် လှေကားထိပ်အနီး ရောက်နေသည့် ခင်နန်းနွယ်နှင့် ရင်ဆိုင်တိုးနေသည်။

"အို... ကိုကိုသက် ရဲလွန်းလှချည်လား။ လာ...လာ အောက်ထပ်သွားကြစို့"

"မသွားဘူး အပေါ်မှာပဲ စကားပြောရအောင် လာပါ နွယ်နွယ်ရယ်"

ဒေါက်တာသက်ရှေသည် ခင်နန်းနွယ်၏ ပခုံးကို ဖက်ကာ ဆွဲခေါ်လေရာ အို... အို... ဟု ရန်းသော်လည်း ရုက်၍ ဟန်ရုန်းမျှသာဖြစ်သဖြင့် သူ့အခန်းထဲအထိ ပါသွားသည်။

"တော်တော်ကြာ မေမေ ပြန်လာမှဖြင့်"

"အို... ဒီတော့ ချစ်ကြိုက်နေကြတယ်လို့ ဖွင့်ပြောလိုက်ရုံပေါ့"

"ဒီနွယ်နွယ်က ချစ်ပါပြီ၊ ကြိုက်ပါပြီလို့ ပြောလို့လား"

"ပါးစပ်ကပြောတာက အရေးမဟုတ်ပါဘူး။ ဒီမျက်လုံးရဲ့အကြည့်၊ ဒီလို အလိုလိုက်တာတွေဟာ မချစ်မကြိုက်ရင် ဘယ်သူလုပ်မလဲ"

ဒေါက်တာသည် အားရပါးရ ဖျစ်ညှစ်ကာ မွှေးပြန်သည်။ အို... အို... ဟု ပါးကလေးပွတ်နေသော်လည်း ထ၍ မပြေးချေ။

"ဝါမဆိုခင် လက်ထပ်ကြစို့နော် နွယ်နွယ်"

နွယ်နွယ်အဖြေမပေး။ ရီဝေနေသော မျက်လုံးကြီးများဖြင့် ကြည့်နေသည်။ ဒေါက်တာသည် အားမလို အားမရဖြစ်ကာ သူ၏ ရင်ခွင်ထဲသို့ ဆွဲသွင်းပြီးလျှင် သနပ်ခါးသွေး၏သို့ တွင်တွင်ကြီးမွှေး၍ နေလေသတည်း။

[ဗိုနတ္တပကာသနီကျမ်းမှ ဆရာ ဇီဝကဝတ္ထုကို မှီး၍ရေးသားခြင်း ဖြစ်ပါသည်]

BURMESE CLASSIC .com

❖

အတွဲ–၂၊ အမှတ်–၁၄၊ ၁၉၄၈၊ ဇူလိုင်၊
ရှုမဝ မဂ္ဂဇင်း

www.burmeseclassic.com